# ချစ်ခင်မေတ္တာ ကြင်နာထား ကောင်းချီးမင်္ဂလာ နှစ်ဆပွား

{ By Lila Potters }

**တစ်နေ့က ကျွန်မ မကြည်မလင်ဖြစ်နေတယ်။ မိုးသားကလည်း ရွာမယ့်ဟန်ပြင်ပြီး မည်းမှောင်နေတော့ နေလို့ထိုင်လို့ မကောင်းတာ အမှန်ပါ။ ကျွန်မထင်တယ်၊ အားလုံးပဲ ကျွန်မလို ဖြစ်ကြလိမ့်မယ်လို့။**

ကျွန်မ ခုံပေါ်မှာထိုင်ရင်းနဲ့ နှစ်သုံးဆယ်လုံးလုံး သူနာပြုအလုပ်ကို နှစ်သက်စွဲလန်းစွာ လုပ်ကိုင်လာတဲ့ လူလတ်ပိုင်းအရွယ် ကျွန်မရဲ့ ငယ်သူငယ်ချင်းကို သတိရမိတယ်။ ဩော် သူ့မွေးနေ့တောင် နီးလာပြန်ပါရော့လား။

ဒီမြို့မှာက သူ့ဆွေမျိုး အသိလည်းမရှိဘူးဆိုတော့ ကျွန်မကပဲ ဖုန်းထဲကနေ မွေးနေ့ နှုတ်ခွန်းဆက်မယ်လို့ စိတ်ကူးထားပါတယ်။ သူက နိုက်ဂျူတီဆိုတော့ ညဖက်အလုပ်ဆင်းရမှာ၊ သူ့မွေးနေ့ကိုတောင် အားရပါးရ ပျော်ဖို့အချိန်ရှိမှာမဟုတ်ပါဘူးလေ။ ဒါပေမယ့် ကျွန်မ သူ့ကို ဖုန်းဆက်တဲ့အချိန်မှာတော့ သူပျော်နေတဲ့ပုံပဲ။

ဖုန်းချလိုက်ပေမဲ့ သူ့ရဲ့ စပယ်ရှယ်နေ့တစ်နေ့ကို မဖြစ်စလောက်ကလေး ဂရုစိုက်ပေးဖော်ရလို့ သူဟာ ကျွန်မကို တကယ်ကျေးဇူးတင်လိမ့်မယ်ဆိုတဲ့ အတွေးကို ဖျောက်မရ ဖြစ်နေတယ်။ မအီမသာဖြစ်နေတာမို့ ဒီကိစ္စကို သိပ်အလေးမထားပဲ ခေါင်းထဲကနေ ထုတ်လိုက်ဖို့ စိတ်ကူးမိပါတယ်။ ဒါပေမယ့် ညနေစောင်းတဲ့အထိ မအောင်မြင်ပါဘူး။ နောက်ဆုံးတော့ လက်လျှော့အရှုံးပေးလိုက်ပါတယ်။ မွေးနေ့ကတ်၊ ဒိန်ခဲကိတ်တစ်စိတ်၊ ပူပေါင်းတွေနဲ့ ဖန်တီးထားတဲ့ပန်းတစ်ပွင့် စတာတွေ ယူသွားပြီး အဲဒီ ညမှာ သူ့ဆေးရုံကို ထွက်လာခဲ့ပါတယ်။

သူ့ရဲ့ ကျေးဇူးတင်တဲ့အပြုံးနဲ့ ဝမ်းသာအားရပြောတဲ့ စကားသံတွေက ကျွန်မ လုပ်သင့်လုပ်ထိုက်တာကို လုပ်ခဲ့ပြီဖြစ်ကြောင်းကို သေချာစေပြီး အဲဒီ အလုပ်ကလေးကြောင့် ရလာတဲ့ အသီးအပွင့်တွေပဲ ဖြစ်ခဲ့ပါတယ်။

အိမ်ပြန်ရောက်တော့ အထီးကျန်နေတဲ့ သူငယ်ချင်းကိုသွားပြီး နှစ်သိမ့်ပေးနိုင်ရုံမကပဲ ကျွန်မစောစောက မအီမသာဖြစ်နေတာတွေပါ ပျောက်သွားတာကို သတိထားမိပါတယ်။ သူ့အတွက် အဓိပ္ပါယ်ရှိတဲ့နေ့ ဖြစ်စေခဲ့သလို ကျွန်မကိုယ်တိုင်အတွက်လည်းပဲ အဓိပ္ပါယ်ရှိတဲ့နေ့ ဖြစ်ခဲ့ပါတယ်။

တစ်ယောက်ယောက်အတွက် အချိန်ပေးပြီး တစ်ခုခုကို ကြိုးစားလုပ်ပေးတယ်ဆိုရင် ဒီလိုပဲ ဖြစ်လာမှာ မဟုတ်လား?

"ချစ်ခင်မေတ္တာကြင်နာထား၊ ကောင်းချီးမင်္ဂလာ နှစ်ဆပွား၊ ပေးသောသူသာမကပါ။ လက်ခံသူပါ ခံစားရမှာ" ဆိုတဲ့ စကားပုံလေးလိုပါဘဲ။

လူတွေကို သူတို့ မွေးနေ့တွေမှာ ပျော်ရွှင်မှုတွေ သွားပေးတာ တစ်ခုပဲ ကျွန်မတို့ လုပ်နိုင်တာမဟုတ်ပါဘူး။ လူတစ်ယောက်ကို ပြောင်းလဲသွားအောင် သူ့အပေါ်မှာ ကောင်းမှုတွေ လုပ်နိုင်ဖို့ ဘဝက ကျွန်မတို့ကို အခွင့်အလမ်းအများကြီး ပေးထားပါတယ်။ အံ့ဩစရာ ကောင်းတာက ဒီလို လုပ်လိုက်ခြင်းအားဖြင့် ကျွန်မတို့လည်း ကောင်းကျိုးတွေ ခံစားရတာပါပဲ။ ပစ်တိုင်းထောင်ရုပ်လိုပဲပေါ့။ သူ့ကို တွန်းလိုက်ရင် ကိုယ့်ဖက်ကို ပြန်လာလိမ့်မယ်။

# တနင်္လာ မနက်ခင်း

ဆေးရုံ ဧည့်ခန်းထဲမှာ ဆရာဝန်ဆီ ပြသဖို့ စောင့်နေတဲ့လူတွေနဲ့ ပြည့်ကျပ်နေပါတယ်။

နေမကောင်းပုံရတဲ့ အမျိုးသမီးကြီးဟာ သူမရဲ့ ခန္ဓာကိုယ်ကို ပွတ်သပ်နေပါတယ်။

အထက်တန်းကျောင်းသူလေးကတော့ ခေါင်းကို ငုံ့ထားပြီး "ဒီနေ့လည်း ကျောင်းပျက်ရအုံးမယ်။ ငါတော့ သူငယ်ချင်းတွေကို ဘယ်တော့မှ မီမှာ မဟုတ်တော့ပါဘူး။" လို့ သူ့ကိုသူ ပြောနေပါတယ်။

လူလတ်ပိုင်း အမျိုးသားတစ်ယောက်ကတော့ မိမိကို လာရောက်အားပေးသူလို့ ယူဆရတဲ့ ဘေးနားက သူငယ်ချင်းကို အော်ကြီးဟစ်ကျယ် ပြောနေပါတယ်။ "ဒီရောဂါဟောင်းကတော့လေ။ လပေါင်းများစွာ ရှာခဲ့တဲ့ အလုပ်ကလေးလဲ သွားပြန်ပြီ။ ငါ့မိသားစုအတွက်တော့ ရင်လေးမိတယ်"။

ကလေးငယ်က မိခင်ရဲ့ ရင်ခွင်ထဲမှာ အိပ်ပျော်နေတယ်။ "တကယ်လို့ ရှင်သာ ဆေးရုံတက်ရမယ်ဆိုရင် ကျွန်မတို့ ဘာဖြစ်သွားမှာလဲဟင်?" မိခင်က မျက်နှာဖြူဖတ်ဖြူရော်ဖြစ်နေတဲ့ ယောကျ်ားဖြစ်သူကို လေသံလေးနဲ့ မေးလိုက်တယ်။

ကျကျနန ဝတ်ဆင်ထားတဲ့ လူကြီးတစ်ယောက်ကတော့ စိုးရိမ်ကြီးစွာနဲ့ မဂ္ဂဇင်းတစ်အုပ်ကို ဟိုလှန်ဒီလှန် လုပ်နေတယ်။ သူ့စိတ်ကတော့ တခြားမှာပေါ့။

ပင်ပန်းနေတဲ့ အဖိုးအိုကတော့ မျက်လုံးအစုံမှိတ်ပြီး ထိုင်နေလေရဲ့။ သူ့နာမည်ကို လှမ်းခေါ်လိုက်တဲ့အခါ ထရပ်ဖို့ အားအင်ကော သူ့မှာ ရှိပါဦးမလား? ထချင်တဲ့ ဆန္ဒကော ရှိပါ့မလား?

ဒီလူတွေအားလုံးမှာ တူညီတဲ့အရာတစ်ခုစီ ရှိကြတယ်။ အဲဒါဟာ လေးလံတဲ့စိတ်ပေါ့။

တံခါးမကြီး ပွင့်လာတယ်။ ကလေးငယ်ကို လှည်းကလေးနဲ့ တွန်းလာတဲ့ အမေတစ်ယောက် ဝင်လာတယ်။ ကလေးငယ်က မျက်နှာစိမ်း တစ်ယောက်စီကို အပြုံးနဲ့ လှမ်းနှုတ်ဆက်တယ်။

အခန်းထဲက အငွေ့အသက်တွေဟာ တမဟုတ်ချင်း ပြောင်းလဲသွားတယ်။ တစ်ယောက်က စိတ်သက်သာသွားတဲ့အနေနဲ့ သက်ပြင်းပျော့ပျော့ ချလိုက်တယ်။ တစ်ယောက်ကတော့ ကလေးငယ်ကို ပြန်ပြုံးပြတယ်။ ကလေးငယ်က သေးငယ်လှတဲ့ သူ့ရဲ့ လက်မောင်းလေးကို သူ့နဲ့ အနီးဆုံးလူဆီကို ကမ်းပေးလိုက်တယ်။ ဖြစ်ချင်တော့ သူဟာ အမျိုးသမီးကြီးဖြစ်နေတယ်။ အမျိုးသမီးကြီးက လက်နဲ့ဖွဖွလေး ဆုပ်ကိုင်ပြီး တုံ့ပြန်လိုက်တဲ့အချိန်မှာ ထွက်လာတဲ့ မြူတူးစွာ ရယ်လိုက်တဲ့ ကလေးငယ်ငယ်ရဲ့ ရယ်သံက ပြုံးတဲ့လူ ပိုများစေပါတယ်။

ဘုရားရဲ့ ချစ်ခြင်းဟာ ကလေးငယ်ရဲ့ အပြုံးလိုပါပဲ။ သင်ဘာ-ဘဲ ခံစားရ ခံစားရ ၊ သင့်ပြဿနာက ဘာကြီးပဲဖြစ်နေဖြစ်နေ၊ ဘုရားဟာ သင့်ကို အရမ်းချစ်ပြီး သင့်ကို ကြင်နာစွာ ပြုံးပြနေပါတယ်။ သင့်ကို လက်ကမ်းပေးနေပါတယ်။ ဖွဖွလေးသာ ဆုပ်ကိုင်လိုက်ပါ။ သူ့ရဲ့ ပျော်ရွှင်မှုတွေဟာ သင့်ဘဝထဲကို ကူးစက်လာပါလိမ့်မယ်။

Lynn Matsumoto